# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ဒုတိယနေ့အစီအစဉ်

# [ ၂၃ – ၈ – ၂၀၁၁ ]

# (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်၏ **လှိုင်သာယာမြို့နယ်အတွင်း အချို့မူလတန်းကျောင်းများမှာ အုတ်နံရံ၊ ကြမ်းခင်းများ ပျက်စီးနေသောကြောင့် ပြင်ဆင်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ အချို့သောအခြေခံပညာမူလတန်းကျောင်းများအား ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးလှမြင့်၊ ဒေါပုံမဲဆန္ဒနယ်၏ **ယခင်ပညာရေးဝန်ကြီးဌာနက သုတေသန ပညာသင်ထောက်ပံ့ကြေး (Research Stipend)ကို ပြန်လည် ချီးမြှင့်ရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်၏ **ယခင်စတုတ္ထတန်း အစိုးရစစ် (စကောလပ်ရှစ်ဆု)နှင့် သတ္တမတန်း အစိုးရစစ် (စကောလပ်ရှစ်ဆု) ကို ပြန်လည်ကျင့်သုံးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် လိုအပ်လျက်ရှိသော အခြေခံ ပညာအထက်တန်းကျောင်း တစ်ကျောင်းအသစ် ဖွင့်လှစ်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးလွင်ဦး၊ သန်လျင်မဲဆန္ဒနယ်၏ **သန်လျင်မြို့နယ် ၊ သူဌေးကွင်းရွာ နှင့်ခရမ်းမြို့နယ်၊ မောင်းမရွာသို့ ဖောက်လုပ်ထားသည့်ကျောက်နှင့် မြေသားလမ်း ၁၈ မိုင် အား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးဟန်စိန်၊ တိုက်ကြီးမဲဆန္ဒနယ်၏ **တိုက်ကြီးမြို့နယ်၊ ထန်းတပင် မြို့နယ်၊ မှော်ဘီမြို့နယ်များသို့ ဆက်သွယ်ထားသော ဂဝံလမ်း စုစုပေါင်းလမ်းမိုင် ၂၉ မိုင် ၂ ဖာလုံ ကို ကတ္တရာလမ်းသို့ အဆင့်မြှင့်တင် ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးကြည်မြင့် ၊ မှော်ဘီမဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီ မြို့နယ်အတွင်းရှိ တိုက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်များ သို့ ဆက်သွယ်သော အရှည် ၂.၅ မိုင်ရှိ ကျောက်ကြမ်းလမ်း အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးကျော်မြင့်၊ နောင်ချိုမဲဆန္ဒနယ်၏ **တောင်ရိုး ဓနုတိုင်းရင်းသားများ နေထိုင်ရာ နောင်ချို၊ တောင်းခမ်း၊ အင်တော၊ ကျောက်ဂူ၊ ရပ်စောက်၊ တောင်ကြီး မော်တော်ကားလမ်းကို ကားကြီး၊ ကားသေးသွားနိုင်သည့် ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကျော်မြင့်၊ နောင်ချိုမဲဆန္ဒနယ်၏ **မန္တလေး–လားရှိုးလမ်းမပေါ်ရှိ အုမ္မသီးကျေးရွာမှ မိုင် ၂၀ ကွာဝေးသော ဟိုရိုကျေးရွာအထိ ကျောက်ကြမ်းလမ်း ၁၄ မိုင် အား ကတ္တရာလမ်းခင်းပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၀။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ **“ ရင်းနှီးမြှုပ်နှံမှုစရိတ် ကျဆင်းစေရန် သွင်းကုန်များနှင့်ပို့ကုန်တိုးတက်ပြီး စီးပွားရေးတိုးနှုန်း မြင့်မားမြန်ဆန်ရန် ပို့ကုန်ခွန်များကို လုံးဝဖယ်ရှားသွားရေး ”** အဆို တင်သွင်းခြင်း။

၁၁။ အဆိုနှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၂။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်၏ **"စီးပွားရေးနှီးဆွ ငွေကြေးကြိုတင်သုံးစွဲသမျှ ဘတ်ဂျက်ကာလတစ်ခုအတွင်း ပြန်လည်ဖြည့်တင်းသွားရန် စောင့်ကြည့်ထိန်းကျောင်းအဖွဲ့အစည်း တစ်ရပ်ထူထောင်လုပ်ကိုင်ရေး"** အဆို တင်သွင်းခြင်း။

၁၃။ အဆိုနှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၄။ ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ **" မြန်မာနိုင်ငံ ဆေးကောင်စီ (Myanmar Medical Council) အား အစိုးရမဟုတ်သော၊ လွတ်လပ်သော Professional Body အဖြစ် ရပ်တည်ခွင့်ပြုမိန့်"** အဆို တင်သွင်းခြင်း။

၁၅။ အဆိုနှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၆။ ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ **"ဆေးပညာရှင်များ ကာကွယ်ရေးအဖွဲ့ (Medical Protection Society) ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ စီမံဆောင်ရွက် သင့်ကြောင်း"** အဆို တင်သွင်းခြင်း။

၁၇။ အဆိုနှင့်စပ်လျဥ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၈။ **" မြန်မာနိုင်ငံတော် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း"** ကို သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က တင်သွင်းခြင်း။

၁၉။ **“ မြန်မာနိုင်ငံတော် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ (သို့မဟုတ်) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြား ရှင်းလင်းခြင်း။

၂၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **“ မြန်မာနိုင်ငံတော် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာခြင်းနှင့် ဥပဒေကြမ်းကိုဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၂၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။